ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁/၂၀၂၂)

အမှတ်စဉ် ၁/၂၀၂၂ https://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ မေလ (၂) ရက်။

သတင်းစာရှင်းလင်းပွဲ၊

သတင်းထုတ်ပြန်ချက်။

နိုင်ငံတော်ယာယီသမ္မတက နိုင်ငံတော် အခြေပြ မိန့်ခွန်းတစ်ရပ် ပြောကြား။

(၁) အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခြင်းတစ်နှစ်ပြည့်နေ့ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလက နိုင်ငံတော်အခြေပြမိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပြီး အဆိုပါမိန့်ခွန်းတွင် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် စစ်တပ်က လွှမ်းမိုးခြယ်လှယ်ထားသော ဒီမိုကရေစီမကျသည့် ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်သွားဖို့လုံးဝမရှိပါကြောင်း၊ ပြည်သူ့ညီလာခံက အတည်ပြုလိုက်သည့် ဖက်ဒရယ်ဒီမိုရေစီချာတာအရ ရှေ့ဆက်မည့် အနာဂတ်ခရီးရှိနေပြီ ဖြစ်ပါကြောင်း၊ စစ်အာဏာရှင်ကို ဆန့်ကျင်နေသည့် ဘယ်အင်အားစုမဆို တရားဝင် ပဋိညာဉ်အောက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသအတွင်း မတည်ငြိမ်မှုများကို ဖန်တီးပြီး လုံခြုံရေးကို ပျက်ပြားစေသည့် စစ်ကောင်စီနှင့်မတူသော ဒီမိုကရက်တစ်မြန်မာနိုင်ငံတော်သစ်၊ အရှေ့တောင်အာရှနှင့်တောင်အာရှ၏ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို ဖန်တီးပေးမည့် နိုင်ငံသစ်ကိုထူထောင်ရမှာ ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ အနေနှင့်လည်း မြန်မာပြည်သူတွေ၏ဆန္ဒကို လေးစားထောက်ခံဖို့၊ နယ်စပ်ဒေသတွေမှာ ပြဿနာမျိုးစုံကို ဖြစ်ပေါ်စေတဲ့ တရားမဝင်စစ်ကောင်စီကို အသိအမှတ်မပြုမိကြဖို့ မျှော်လင့်ပါကြောင်း၊ စီးပွါးရေးလုပ်ငန်းတွေအနေနဲ့လည်း စစ်ကောင်စီ လက်လှမ်းမှီနိုင်တဲ့ ဘယ်အကောင့်/ဘယ်ဘဏ် ငွေစာရင်းကိုမျှ ငွေမလွှဲကြဖို့တိုက်တွန်း လိုကြောင်း၊ လွန်ခဲ့တဲ့တစ်နှစ်က နိုင်ငံတကာပညာရှင်တွေက မြန်မာစစ်တပ်ကို တော်လှန်ရေးအင်အားစုအနေနဲ့ အနိုင်ယူဖို့မဖြစ်နိုင်ဘူးလို့ ပြောကြရာက ယခုဆိုလျှင် စစ်တပ်ဟာ တော်လှန်ရေးအင်အားစုကို အနိုင်မရနိုင်ဘူးလို့ပြောနေကြပြီဖြစ်ကြောင်း၊ ၅၄သန်းကျော်ရှိသည့် ပြည်သူများတွင် အသက်ရှင်နေထိုင်ဖို့ အခွင့်အရေးရှိကြောင်း၊ ပြည်သူတွေအနေဖြင့် မိမိကိုယ်ကိုခုခံပိုင်ခွင့်လည်း ရှိကြောင်း၊ ဒီမိုကရေစီအခွင့်အရေးတွေလည်းရှိကြောင်း၊ အမျိုးသားညီညွတ်ရေး အစိုးရက အစိုးရတစ်ရပ်အနေဖြင့် သော်လည်းကောင်း၊ ကမ္ဘာတဝှမ်းမှာရှိတဲ့ လူတွေအနေနဲ့ သော်လည်း ကောင်း မြန်မာပြည်သူတွေရဲ့ အခွင့်အရေးကို ကူညီကာကွယ်ဖို့ အားလုံးမှာ တာဝန်ရှိကြောင်း စသည့်တို့ ပါဝင်သည်။

https://www.facebook.com/NUGmyanmar/videos/1200828263789027

(၂) အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခြင်းတစ်နှစ်ပြည့်နေ့ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် တစ်နှစ်တာကာလအတွင်း PDF တပ်ရင်းတပ်ဖွဲ့ ရာဂဏန်း၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပ.က.ဖ) ၂၅၀ ကျော် ဖွဲ့စည်းပြီးဖြစ်ကာ MOD နှင့် ချိတ်ဆက် ထားပြီးဖြစ်သည့် ဒေသတော်လှန်ရေးအဖွဲ့အစည်း (LDF) ၃၅၄ ဖွဲ့ အနက် ၁၀၀ ကျော်အား ဝန်ကြီးဌာနလက်အောက် တပ်ရင်းတပ်ဖွဲ့များတွင် ပေါင်းစပ် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ▷▷▷ **Page 2**

သတင်းစာရှင်းလင်းပွဲ၊ သတင်းထုတ်ပြန်ချက်။

(စာမျက်နှာ ၁ မှ အဆက်) စစ်အာဏာရှင်များကို ဆန့်ကျင်သော ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ်များနှင့် ဆက်ဆံရေးပိုမိုခိုင်မာရန်၊ ပိုမိုပါဝင်လာမှု ရှိစေရန်၊ တူညီမျှသော အနာဂတ် တစ်ခုကို ရရှိရန် အတူတကွ လုပ်ဆောင် သွားမည် ဖြစ်ကြောင်း၊ အင်အားစု(၅)စုပါဝင်သော အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကဦးဆောင်၍ ပြည်သူ့ညီလာခံ ခေါ်ယူကာ အတည်ပြုခဲ့သော ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းသည်သာ မိမိတို့ ရှေ့ဆက်ရမယ့် လမ်းကြောင်းတစ်ခု ဖြစ်ကြောင်း၊ ပြည်သူ့တော်လှန်ရေးကို အထိအခိုက်နည်းစွာဖြင့် အောင်မြင်ပြီးမြောက်လိုသူများ အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားသေကိုင်စွဲထားခြင်းကို စွန့်လွှတ်ပြီး မြန်မာ့နိုင်ငံရေးတွင် စစ်တပ်က ဘယ်သောအခါမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရဟူသည့်မူကို လက်ခံကာ စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သူများသည်လဲ တာဝန်ယူမှု တာဝန်ခံမှု အပြည့်ဖြင့် ပြည်သူ့တရားစီရင်မှုကို လိုက်နာဆောင်ရွက်နိုင်မှ သာလျှင် ပြည်သူလူထုလိုလားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသို့ သွားရောက်မည့် လမ်းကြောင်းအတွက် အဖြေတစ်ခုရရှိနိုင်မည်ဖြစ်ကြောင်းသိစေအပ်ကြောင်း စသည်တို့ ပါရှိပါသည်။

https://www.facebook.com/NUGmyanmar/posts/294946386141925

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ခန့်အပ်ခြင်း

(၃). အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်သမ္မတရုံး အနေဖြင့် ပြည်သူလူထု၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့် ပိုမိုချိတ်ဆက်ကာ အချိန်နှင့်တပြေးညီ သတင်းစကားပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး ပြောရေးဆို ခွင့်ရှိသူအဖြစ် ဦးကျော်ဇော်အား အမျိုးသား ညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ အမိန့်ဖြင့် ခန့်အပ်ကြောင်း ၂၀၂၂ခုနှစ်၊ ဧပြီလ (၁၆) ရက် တွင် ထုတ်ပြန်ကြေညာချက်အမှတ် (၈/၂၀၂၂) ဖြင့် အသိပေး ထုတ်ပြန်ခဲ့သည်။

https://www.facebook.com/NUGmyanmar/posts/294475139522383

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
presidentoffice@nugmyanmar.org

ထုတ်ပြန်ကြေညာချက်အမှတ် (၈/၂၀၂၂)
၂၀၂၂ခုနှစ်၊ ဧပြီလ (၁၆) ရက်

သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်သမ္မတရုံး အနေဖြင့် ပြည်သူလူထု၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့် ပိုမိုချိတ်ဆက်ကာ အချိန်နှင့်တပြေးညီ သတင်းစကားပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူအဖြစ် ဦးကျော်ဇော်အား ခန့်အပ်တာဝန်ပေးထားကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်အား kyawzaw@nugmyanmar.org မှတဆင့် ဆက်သွယ် ချိတ်ဆက်နိုင်ပါသည်။

(ဒူဝါလရှီးလ)
ယာယီသမ္မတ
အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စု ဝန်ကြီးချုပ်၏ တစ်နှစ်ပြည့် အစီရင်ခံစာ

စစ်ဒေသကြီး (၃) ခုဖွဲ့စည်းကာ လက်နက်ကိုင်တော်လှန်ရေး အင်အားစုအသစ်များနှင့် ရှိနှင့်ပြီးတပ်မတော်များ ပူးပေါင်းကာ စစ်ဆင်ရေးနှင့် ပြည်သူ့ကာကွယ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက် နေကြောင်း

(၄) ၂၀၂၂ ခုနှစ် ဧပြီ ၁၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စု စတုတ္ထ အကြိမ်အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးချုပ်က အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့စည်းခြင်းတစ်နှစ်ပြည့် အစီရင်ခံစာကို တင်သွင်းခဲ့ပြီး ဝန်ကြီးဌာနအသီးသီးကလဲ ဝန်ကြီးဌာန ဆိုင်ရာလုပ်ဆောင်ချက်များကို အစီရင်ခံ ခဲ့ကြသည်။ ပြည်ထောင်စု ဝန်ကြီးချုပ်၏ တစ်နှစ်ပြည့်အစီရင်ခံစာတွင် ဗဟို ကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (Central Command and Coordination Committee) ကို ဖွဲ့စည်း ပြီး စစ်ဒေသကြီး (၃) ခုဖွဲ့စည်းကာ လက်နက်ကိုင်တော်လှန်ရေး အင်အားစု အသစ်များနှင့် ရှိနှင့်ပြီးတပ်မတော်များ ပူးပေါင်းကာ စစ်ဆင်ရေးနှင့် ပြည်သူ့ ကာကွယ်ရေးဆိုင်ရာများ ပူးပေါင်း ဆောင်ရွက် နေကြောင်း၊ ထို့အတူ ပြည် သူ့ စစ်မဟာဗျူဟာတပ်ဖွဲ့များဖြစ်တဲ့ ပ.က.ဖ များကိုလည်း နိုင်ငံအဝှမ်းဖွဲ့စည်း ပြီး ဖြစ်ကြောင်း၊ အဆိုပါ အဖွဲ့များအနေ ဖြင့် အခြားရှိနှင့်ပြီး တိုင်းရင်းသား တော်လှန်ရေး အင်အားစုများ၏ ထောက်ပံ့ ကူညီမှုဖြင့် တစ်နိုင်ငံလုံး၏ ၁၅ % ခန့်လွှမ်းမိုးထားနိုင်နေပြီ ဖြစ်ကြောင်း၊ တိုင်းရင်းသား တော်လှန်ရေး မဟာမိတ်များသည်လည်း နိုင်ငံ၏ ၃၀ % စိုးမိုးထားသဖြင့် စစ်ကောင်စီ၏ ထိန်းချုပ်နယ်မြေမှာ တစ်နိုင်ငံလုံး၏ တစ်ဝက်စွန်းစွန်းသာ ကျန်ရှိတော့ ကြောင်း၊ စီးပွားရေးဖိအားပေးမှုသာမက စစ်ကောင်စီကိုယ်တိုင်၏ စီးပွားရေးမူဝါဒ အမှားများကြောင့် ဘဏ်လုပ်ငန်း၊ မြန်မာ ကျပ်ငွေနှင့် နိုင်ငံခြားငွေလည်ပတ်မှု များ နှင့် ကုန်သွယ်ရေးလုပ်ငန်းများ ထိခိုက် လျက်ရှိရာ စစ်ကောင်စီ၏ ဘဏ္ဍာရေး အခြေအနေမှာ များစွာချို့နဲ့ နေပြီ ဖြစ်ကြောင်း၊ စစ်ဘေးရှောင် ပြည်သူများ၊ နေရပ်စွန့်ခွာရသူများ၊ CDM များ၊ နိုင်ငံရေးအကျဉ်းသားများနှင့် စစ် ကောင်စီကြောင့် ထိခိုက်ကျဆုံးရသည့် မိသားစုများကို အခက်အခဲများကြားက ပင် ကျပ်ငွေ ၂.၇၆ ဘီလျံ ထောက်ပံ့နိုင်ခဲ့ ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အနေနဲ့လည်း Covid-19 ကပ်ရောဂါ ကာကွယ်ရေး အပါအဝင် အခြေခံ ကျန်းမာရေး ကိစ္စရပ်များကို လွတ်မြောက်နယ်မြေများတွင် မဟာမိတ် EHO များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ ကြောင်း၊ ထို့အပြင် ဖက်ဒရယ် ကျန်းမာရေး မူဝါဒများ ရေးဆွဲခြင်း၊ WHO ၊ အခြား နိုင်ငံတကာ INGO နှင့် ပြည်တွင်း NGO များ၊ CSO များ၊ EHO များနှင့်ပူးပေါင်း ချိတ်ဆက်ကာ နယ်စပ် ဖြတ်ကျော် ကျန်းမာရေးစောင့်ရှောက်မှု များ ပေးနိုင်ရေး၊ ဆေးဝါးနှင့် ဆေးပစ္စည်း များ ထောက်ပံ့နိုင်ရေးတို့ကို ဆောင်ရွက် လျက်ရှိကြောင်း စသည်တို့ပါဝင်ပါသည်။

https://www.facebook.com/NUGmyanmar/posts/295993352703895

မန်းဝင်းခိုင်သန်း
(ဝန်ကြီးချုပ်၊ အမျိုးသားညီညွတ်ရေးအစိုးရ)

လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ဖွဲ့စည်းခြင်း။

(၅) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ CDM ဝန်ထမ်းများ ဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများကိုယ်စားပြု ကော်မတီအား လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန အဖြစ် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်၏ အမိန့် ကြော်ငြာစာအမှတ် (၀၃/ ၂၀၂၂) ဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၄ ရက် ပြောင်းလဲဖွဲ့စည်းခဲ့လိုက်သည်။

https://www.facebook.com/mohaimyanmar/posts/306767801617121

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

MOHAI

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြု ကော်မတီအား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း

အမိန့်ကြော်ငြာစာအမှတ် (၀၃/ ၂၀၂၂)
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ နိုင်ငံတော်အာဏာကို အကြမ်းဖက် လုယူသိမ်းပိုက်ခဲ့သည့် စစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်လိုခြင်း မရှိသော မြန်မာနိုင်ငံအရပ်ရပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ CDM ဝန်ထမ်းများ အား ဆက်သွယ်ချိတ်ဆက် စုစည်း၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်နိုင်ရေး အတွက် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြုကော်မတီအား** ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ (၃၀ - ၁၀-၂၀၂၁) ရက်စွဲပါ အမိန့်အမှတ်၊ (၈/ ၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးနယ်မြေများနှင့် ထိန်းချုပ်နယ်မြေများ၌ စစ်ကောင်စီ၏ လစ်လပ်သွားသော မိမိဌာနလုပ်ငန်းများတွင် အစားဝင်ရောက်၍ ကြားကာလ အစိုးရ ယန္တရားများ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်စေရေး၊ အမျိုးသား ညီညွတ်ရေးအစိုးရ၏ မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြုကော်မတီ** အား (၂၃- ၄- ၂၀၂၂) ရက်နေ့မှ စ၍ **လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန** အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန

မီးသတ်ဦးစီးဌာန ဖွဲ့စည်းခြင်း။

(၆) မီးသတ်ဦးစီးဌာန CDM ဝန်ထမ်းများဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ CDM မီးသတ်ဝန် ထမ်းများ ကိုယ်စားပြုကော်မတီအား မီးသတ်ဦးစီးဌာနအဖြစ် ၂၀၂၂ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၀၂/၂၀၂၂) ဖြင့် ပြောင်းလဲဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာသည်။

https://www.facebook.com/mohaimyanmar/posts/306752854951949

စစ်ကောင်စီ၏ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်း (၉၂) ဦးအား အမည်ပျက်စာရင်းသွင်း။

(၇) အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေပြီး CDM ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ် ပစ်ခြင်း၊ တရားစွဲ ဆိုခြင်းနှင့် ဥပဒေနှင့် အညီ ပြန်ဆပ်ရန်မလိုတော့သည့် လစာချေးငွေများအား အတင်းအဓမ္မ ပြန်လည်ပေး ဆပ်ခိုင်းခြင်းများ စသည့် အမျိုးမျိုး သောဖိနှိပ်မှုများကိုကျူးလွန်နေသော "သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေးဦးစီးဌာန)" မှ ဝန်ထမ်း (၉၂) ဦးအား ဧပြီလ (၂၅) ရက်နေ့တွင် အမည်ပျက်စာရင်းသွင်းလိုက်ပြီး ဝန်ထမ်း အဖြစ်မှ ထုတ်ပစ် (Dismiss) လိုက်သည်။

https://www.facebook.com/NUGmyanmar/posts/300609022242328

အထူးစုံစမ်းထောက်လှမ်းရေး ဦးစီးဌာန ဖွဲ့စည်းခြင်း။

(၈) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် အစွမ်းကုန် အထောက်အပံ့များပြုနိုင်စေရန် ရည်ရွယ်ပြီး ပြည်သူ့အုပ်ချုပ်ရေးအာဏာ သက်ရောက်ခြင်းဖြင့် နိုင်ငံအတွင်း အကြမ်းဖက်စစ်ကောင်စီ၏ မတရားဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ၊ ဖက်ဆစ် လုပ်ရပ်များ၊ အကြမ်းဖက်မှု များကို ကာကွယ်လျက် ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှု နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရှိစေသော နိုင်ငံတော်လုံခြုံရေးကို တည်ဆောက်နိုင်ရန် အလို့ငှာ "အထူးစုံစမ်းထောက် လှမ်းရေးဦးစီးဌာန" ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန က အမိန့်ကြော်ငြာစာအမှတ် (၀၄/၂၀၂၂)ဖြင့်ဖွဲ့စည်းကြောင်းကြေညာသည်။

https://www.facebook.com/mohaimyanmar/posts/307775461516355

အလုပ်သမားရေးရာ နစ်နာမှုများအား တိုင်ကြားနိုင်သည့် နည်းလမ်းများ အသိပေးခြင်း။

အလုပ်သမားရေးရာ နစ်နာမှုအချက်အလက်ကောက်ယူရေး၊ တိုင်ကြားမှုယန္တရားနှင့်စပ်လျဉ်းသည့် ကြေညာချက်အမှတ် ၅/၂၀၂၂ ကို ကြေညာလိုက်သည်။ အလုပ်သမားရေးရာ နစ်နာမှုအချက်အလက်ကောက်ယူရေးနှင့် တိုင်ကြားမှုယန္တရားအား ၂၀၂၂ ခုနှစ်၊ ဧပြီ လ ၁၇ ရက်နေ့မှ စတင်၍တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်းကြားနိုင်သည့် နေရာများကို ဖော်ပြပါ နည်းလမ်းများ ဖြင့်ဝင်ရောက်တိုင်ကြားနိုင်ပါကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန က အသိပေးကြေညာသည်။

- Website မှတဆင့်တိုင်ကြားနိုင်ရန် - https://complaint.molmyanmar.org
- Facebook Messenger Bot မှတဆင့်တိုင်ကြားနိုင်ရန် - https://m.me/MoLNUGMyanmar
- Email မှတဆင့်တိုင်ကြားနိုင်ရန် - complaint@molmyanmar.org

https://www.facebook.com/NUGmyanmar/posts/296142422688988

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အကြမ်းဖက်စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခြင်းအပေါ် တုံ့ပြန်ချက်စာထုတ်

(၁၀) အမျိုးသားညီညွတ်ရေးအစိုးရ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဆာဆာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အကြမ်းဖက်စစ်ကောင်စီက မတရားသဖြင့် ထောင်ဒဏ် (၅) နှစ် ထပ်မံချမှတ်လိုက်သည့်အပေါ် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ကို ဖျက်ဆီးနေသည့် လုပ်ရပ်ဖြစ်ပြီး တရားမျှတမှုလုံးဝမရှိပဲ ရုပ်ပြသက်သက်သာ ဖြစ်ကြောင်း တုံ့ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

https://www.facebook.com/NUGmyanmar/posts/301947982108432